## 2 နေထိုင်ခွင့်သက်တမ်းတိုးခြင်း၊ နေထိုင်ခွင့်အမျိုးအစားပြောင်းခြင်း၊ ရာသက်ပန်နေထိုင်ခွင့် လျှောက်ထားခြင်း၊ နေထိုင်ခွင့်ပြင်ပ လုပ်ရှားမှုခွင့်ပြုချက်၊ ပြန်လည်ပြည်ဝင်ခွင့် သို့မဟုတ် နေထိုင်ခွင့် ရယူခြင်း

### 2-5 ရာသက်ပန်နေထိုင်ခွင့် လျှောက်ထားခြင်း

ဂျပန်နိုင်ငံတွင် ရာသက်ပန်နေထိုင်ရန်ဆန္ဒရှိသူသည် ရာသက်ပန်နေထိုင်ခွင့်ခွင့်ပြုချက်ရယူရန်လိုအပ်ပါသည်။ ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံး၌ ရာသက်ပန်နေထိုင်ခွင့်လျှောက်ရမည်။ ရာသက်ပန်နေထိုင်ခွင့်ရရှိပါက နေထိုင်ခွင့်အမျိုး အစားသည် ရာသက်ပန်နေထိုင်သူ ဖြစ်ပြီး နိုင်ငံခြားသားအနေဖြင့် အစဉ်အမြဲ ဂျပန်နိုင်ငံတွင်နေထိုင်သွားနိုင်သည်။ နေထိုင်ခွင့်သက်တမ်းတိုးခြင်းနှင့် နေထိုင်ခွင့်အမျိုးအစား ပြောင်းခြင်းပြုလုပ်ရန် မလိုအပ်သော်လည်း ခရီးသွားခြင်းစသည်ဖြင့် ဂျပန်နိုင်ငံမှ ထွက်ခွါသောအခါတွင် ပြန်လည်ပြည်ဝင်ခွင့်လိုအပ်ပါသည်။ (မှတ်ချက်။ ။သက်တမ်းမကုန်သေးသောနိုင်ငံကူးလက်မှတ်နှင့် နေထိုင်ခွင့်ကတ်ပြားရှိသူသည် ထွက်ခွါသည့်ရက်မှ တစ်နှစ်အတွင်းပြန်ဝင်ရောက်လျှင် ပြန်လည်ပြည်ဝင်ခွင့် ရယူရန်မလိုအပ်ပါ။) ရာသက်ပန်နေထိုင်ခွင့်ရယူရန် သတ်မှတ်ချက်များရှိသောကြောင့် အသေးစိတ်ကို နီးစပ်ရာ ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးသို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

အခကြေးငွေ။ ။ခွင့်ပြုချက်ရရှိသည့်အခါ ယန်း၈၀၀၀ ပေးဆောင်ရမည် (တံဆိပ်ခေါင်း)